# သင်၏ နိုင်ငံရေး ခိုလှုံမှု အထောက်အပံ့တွင် အရွယ်ရောက်ပြီးသည့် မှီခိုသူတစ်ယောက် ထပ်ထည့်ရန် လျှောက်ထားခြင်း–စစ်ဆေးဇယား

၂၀၁၀ ခု အောက်တိုဘာလ

scottish refugee council

Burmese

သင်သည်လောလောဆယ်တွင် ပြည်ထဲရေးရုံး(ယူကေ နယ်ခြား အေဂျင်စီ– UK Border Agency) မှ နိုင်ငံရေး ခိုလှုံမှု အထောက်အပံ့ (ယခင် NASS)လက်ခံရရှိနေပြီး သင့် ခင်ပွန်း၊ ဇနီး သို့မဟုတ် အဖော်သည် သင်နှင့်အတူ စကော့တလန်တွင် လာရောက်နေထိုင်ပါက ၎င်းတို့အား သင်လက်ခံရ ရှိသည့် အထောက်အပံ့တွင် အရွယ်ရောက်ပြီးသည့် မှီခိုသူတစ်ယောက်အဖြစ် ထည့်သွင်းရန် ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။

သို့ရာတွင် သင်၏ နိုင်ငံရေး ခိုလှုံမှု အထောက်အပံ့တွင် အရွယ်ရောက်ပြီးသည့် မှီခိုသူတစ်ယောက် ထည့်သွင်းရန် သင့်အနေဖြင့် မှတ်တမ်းမှတ်ရာ အချို့ ပေးအပ်ရန် ပြည်ထဲရေးရုံးက စည်းကမ်းသတ်မှတ်ထားသည်။ ဤမှတ်တမ်းမှတ်ရာများ မပါဘဲ တင်သွင်းသည့် လျှောက်လွှာများသည် အောင်မြင်ရန် အလားအလာမရှိပေ။

အောက်တွင် ဖော်ပြထားသည့် အချက်အလက်များကို သင့်အနေဖြင့် ကောက်ယူစုဆောင်းပြီးသောအခါ ကျွန်ုပ်တို့၏ စကော့တလန် ဒုက္ခသည် ကောင်စီရုံး သို့ ပြန်လာပါ။ သင့်အတွက် ချိန်းဆိုမှု တစ်ခုကို ကျွန်ုပ်တို့ ပြုလုပ်ပေးပါမည်။

သင်၏ အထောက်အပံ့တွင် အရွယ်ရောက်ပြီးသည့် မှီခိုသူတစ်ယောက် ထပ်ထည့်သွင်းခြင်းသည် သင့် နိုင်ငံရေး ခိုလှုံမှုအတွက် တောင်းခံမှုတွင် ၎င်းတို့အား ထည့်သွင်းလိုက်ပြီဟု အဓိပ္ပါယ်မသက်ရောက်ပေ။ သင့်မိသားစု အခြေအနေတွင် ပြောင်းလဲမှုများသည် သင်၏ လူဝင်မှု ကိစ္စအပေါ်တွင် သက်ရောက်မှု **ရှိကောင်းရှိနိုင်**သောကြောင့် သင့် ဥပဒေရေးရာ ကိုယ်စားလှယ်နှင့် ဤကိစ္စကို အမြဲဆွေးနွေးဆွေးနွေးရန် ကျွန်ုပ်တို့ အကြံပြုပါသည်။

## ဤမှတ်တမ်းမှတ်ရာ စစ်ဆေးဇယား

သင့် လျှောက်လွှာအတွက် လိုအပ်သော မှတ်တမ်းမှတ်ရာများကို ကောက်ယူစုဆောင်းရန် အောက်ဖော်ပြပါ စစ်ဆေးဇယားက သင့်အား အကူအညီပေးပါ လိမ့်မည်။ သင့် လျှောက်လွှာအား အတည်ပြုခွင့်ပြုရန် အခွင့်အလမ်း ပိုမိုရရှိစေရန် အမျိုးအစားတစ်ခုစီမှ သင် ရရှိနိုင်သလောက် မှတ်တမ်းမှတ်ရာများကို သင်ကျွန်ုပ်တို့ရုံးသို့ ပြန်လာသောအခါ ယူဆောင်လာပါ။

## ခိုလှုံခွင့်

သင်နှင့် သင့် အဖော်အား ခိုလှုံမှုခွင့် တောင်းခံမှုတစ်ခုတည်းတွင် စာရင်းသွင်းထားကြောင်း အောက်ပါတို့ကဲ့သို့သော အတည်ပြုချက်

- ☐ သင် သို့မဟုတ် သင့် အဖော်အား တစ်ဦးချင်းစီ၏ အပြန်အလှန် ခိုလှုံမှုခွင့် တောင်းခံမှုတွင် မှီခိုသူအဖြစ် ဖော်ထုတ်လျက် သင့် ဥပဒေရေးရာ ကိုယ်စားလှယ်က ပြည်ထဲရေးရုံးသို့ တင်သွင်းသည့် မည်သည့် အချက်အလက်သစ်မဆို၏ မိတ္တူတစ်စောင်
- ☐ မှီခိုသူများကို အသေးစိတ်ဖော်ပြပြီး သင့် ဆွေမျိုးတော်စပ်မှုကို အတည်ပြုထားသည့် အမွေ မေးခွန်းလွှာ မိတ္တူတစ်စောင်
- ☐ သင် သို့မဟုတ် သင့် အဖော်၏ စစ်ဆေးမှု/တစ်ဦးချင်းစီ အပြန်အလှန် ဖော်ပြထားသော ခိုလှုံမှုခွင့် အင်တာဗျူး မိတ္တူတစ်စောင်

Scottish Refugee Council, 5 Cadogan Square, (170 Blythswood Court), Glasgow G2 7PH Tel: 0141 248 9799, Fax: 0141 243 2499,
www.scottishrefugeecouncil.org.uk
Scottish Refugee Council is a charity registered in Scotland.
Registered Charity: SC008639

**ဆွေမျိုးတော်စပ်မှု**

- ☐ သင်အိမ်ထောင်ရှိပါက သင့် လက်ထပ်စာချုပ် မိတ္တူ
- ☐ သင် လက်ထပ်မထားပါက သင်နှင့် သင့် အဖော်သည် လွန်ခဲ့သည့် **သုံးနှစ်အတွင်း နှစ်နှစ်ကြာ** အတူနေခဲ့ပြီးဖြစ်ကြောင်း အောက်ပါတို့ကဲ့သို့သော မှတ်တမ်းမှတ်ရာ သက်သေခံ အထောက်အထားများ
  - ○ သင်တို့ နှစ်ဦးစလုံး အမည်များပါဝင်သော ရေခဲ၊ မီးခ တောင်းခံလွှာများ
  - ○ သင်နှင့် သင့် အဖော်ထံသို့ လိပ်မူထားသော ပြည်ထဲရေး ရုံး( UKBA)မှ စာများ
  - ○ သင့် ဥပဒေရေးရာ ကိုယ်စားလှယ်ထံမှ စာများ
  - ○ ဆေးကုရေး ပညာရှင် တစ်ဦးထံမှ စာများ
- ☐ သင်နှင့် သင့် အဖော်သည် **လွန်ခဲ့သည့် သုံးနှစ်အတွင်း နှစ်နှစ်ကြာ** ဆက်လက်၍ ဆက်ဆံရေးရှိနေခဲ့ပြီးဖြစ်ကြောင်း အတည်ပြုထားသည့် သင့်ကလေး၏ မွေးစာရင်းမိတ္တူ

**အလုပ်အကိုင်**

သင့် အဖော်သည် ယူကေ အစိုးရ၏ **ခွင့်ပြုချက်ဖြင့်** တရားဝင် အလုပ်လုပ်နေခဲ့ပါက သင့်အနေဖြင့် အောက်ပါတို့ကို ပေးအပ်ရမည်။

- ☐ ၎င်းတို့၏ လောလောလတ်လတ် အဖြစ်ဆုံး အလုပ်ရှင်ဖြင့် အစပြု၍ နှစ်အလိုက် စဉ်ကာ ရေးသားထားသည့် ယခင် အလုပ်ရှင်များအားလုံး၏ စာရင်း
- ☐ အလုပ်ရှင်၏ အသေးစိတ်အချက်များ အပါအဝင် လွန်ခဲ့ သုံးလ လစဉ် လစာပေးဖြတ်ပိုင်းများ သို့မဟုတ် ၁၂ ပတ် အပတ်စဉ် လစာပေးဖြတ်ပိုင်းများ
- ☐ ၎င်းတို့၏ P45 သို့မဟုတ် အလုပ်အကိုင်ကြောင်း ရပ်စဲကြောင်း အတည်ပြုထားသည့် ၎င်းတို့၏ အလုပ်ရှင်ထံမှ မှတ်တမ်းမှတ်ရာ သက်သေအထောက်အထား
- ☐ အမျိုးသား အာမခံ နံပါတ်
- ☐ ၎င်းတို့ အလုပ်လုပ်ခဲ့သည့် ရက်စွဲများ
- ☐ ၎င်းတို့ လုပ်ခဲ့သည့် အလုပ်အမျိုးအစား

သင့် အဖော်သည် ယူကေ အစိုးရ၏ ခွင့်ပြုချက် **မရှိဘဲ** အလုပ်လုပ်နေခဲ့ပါက သင့်အနေဖြင့် အောက်ပါတို့ကို ပေးအပ်ရမည်။

- ☐ နှစ်အလိုက် စဉ်ကာ ရေးသားထားသည့် ယခင် အလုပ်ရှင်များအားလုံး၏ စာရင်း
- ☐ ၎င်းတို့ အလုပ်လုပ်ခဲ့သည့် ရက်စွဲမျာ
- ☐ ၎င်းတို့ လုပ်ခဲ့သည့် အလုပ်အမျိုးအစား

သင့် အဖော်သည် **မည်သည့်အခါမျှ** အလုပ်လုပ်မလုပ်ဖူးပါက သင့်အနေဖြင့် အောက်ပါတို့ကို ပေးအပ်ရမည်။

- ☐ ယူကေတွင် ၎င်းတို့အနေဖြင့် မိမိကိုယ်ကို မည်သို့ ထောက်ပံ့ခဲ့ကြောင်း ရှင်းပြချက်၊
- ☐ ထောက်ပံ့ကူညီမှု သဘောသဘာဝနှင့် ကာလကို အသေးစိတ်ဖော်ပြပြီး ၎င်းတို့အနေဖြင့် အဘယ်ကြောင့် ဆက်လက် မထောက်ပံ့နိုင်တော့ကြောင်း ရှင်းပြထားသည့် ၎င်းတို့ကို ထောက်ပံ့ပေးခဲ့သော မည်သည့် သူငယ်ချင်းထံမှ မဆို စာများ

**ယခင်လိပ်စာများ**

- ☐ သင်၏ လောလောလတ်လတ် အဖြစ်ဆုံး ယူကေလိပ်စာဖြင့် အစပြု၍ နှစ်အလိုက် စဉ်ကာ ရေးသားထားသည့် သင့် အဖော်ယူကေတွင် တည်းခိုနေထိုင်ခဲ့သော ယခင် လိပ်စာများအားလုံး၏ စာရင်း
- ☐ အိမ်တစ်ခုစီကို မည်သူက ပိုင်ဆိုင်ကြောင်းနှင့် သင့်အနေဖြင့် ၎င်းနေရာတွင်နေထိုင်ရန် ငွေပေးချေခဲ့ရသလားဆိုသည်ကို ရေးသားထားသည့် ရှင်းပြချက်

**ဘဏ်စာရင်း**

- ☐ သင် သို့မဟုတ် သင့် အဖော်က ပိုင်ဆိုင်သည့် ဘဏ်စာရင်း**အားလုံး**အတွက် လွန်ခဲ့သည့် ခြောက်လအတွက် ပြီးပြည့်စုံသည့် နောက်ဆုံးအခြေအနေကို ဖော်ပြထားသော ဘဏ်စာရင်း ရှင်းတမ်းများ
- ☐ ဘဏ်စာရင်းများအကြား ငွေကြေးပြောင်းရွှေ့မှုကဲ့သို့ ကြီးမားသော အရောင်းအဝယ်နှင့် ပတ်သက်၍ စာဖြင့်ရေးသာ ရှင်းလင်းချက်
- ☐ ၎င်းတို့အနေဖြင့် ဤငွေထည့်သွင်းမှုများကို ပြုလုပ်ကြောင်း အတည်ပြုထားသည့် သင့်ဘဏ်စာရင်းထဲသို့ ငွေထည့်သွင်းခဲ့သည့် မည်သူထံမှ မဆို စာများ
- ☐ ၎င်းတို့အနေဖြင့် သင့်ထံမှ ဤငွေကိုလက်ခံရရှိကြောင်း အတည်ပြုထားသည့် ၎င်းတို့အတွက် သင် ငွေထုတ်ယူခဲ့သော မည်သူထံမှ မဆို စာများ
- ☐ မည်သည့် ယခင်ဘဏ်စာရင်းများကို မဆို ပိတ်လိုက်ကြောင်း အတည်ပြုထားသည့် သင့်ယူကေဘဏ်မှ စာတစ်စောင်

**အရေးကြီးသည်**–သင်ပေးအပ်သော စာများသည် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်ရမည်။ သို့ရာတွင် သင့်အတွက် စာပေးအပ်မည့်သူသည် အင်္ဂလိပ်ဘာသာဖြင့် မရေးတတ်ပါက သင့်အတွက် စာတစ်စောင် ရေးသားရာတွင် ၎င်းတို့အား ကျွန်ုပ်တို့အနေဖြင့် အကူအညီ ပေးနိုင်ရန် ကျွန်ုပ်တို့နှင့် သင် ချိန်းဆိုထားစဉ်တွင် ၎င်းတို့အား ခေါ်ဆောင်လာပါရန် အကြံပြုပါသည်။

သင့်အနေဖြင့် စာတွင် ဖော်ပြထားသည့် လိပ်စာများနှင့် အလုပ်နေရာများ စာရင်းကို အင်္ဂလိပ်ဘာသာဖြင့် မရေးနိုင်ပါက ၎င်းတို့ကို သင့်ဘာသာစကားဖြင့် ရေးသားနိုင်သည်။

သင် ကျွန်ုပ်တို့ရုံးသို့ လာသောအခါ အထက်တွင် စာရင်းပြုစုပေးထားသည့် သင်နှင့် ဆက်နွှယ်နေသည့် သင့်လျော်သော သက်သေအထောက်အထား အားလုံးကို **ယူဆောင်လာရမည်။**